# P အရေးပေါ်အခြေအနေ၊ သဘာဝဘေးအန္တရယ်

P အရေးပေါ်အခြေအနေ၊ သဘာဝဘေးအန္တရယ်ထိပ်သို့

## 1 အရေးပေါ်ဖြစ်ပွားစဉ်

### 1-2 အရေးပေါ်ဖြစ်သည့်အခါအသင့်ဖြစ်ရန်

#### (1)အရေးပေါ်ကိုယ်ပိုင်ကတ်ပြား

အရေးပေါ်အတွက်မိမိနှင့်ဆိုင်သည့်အရေးကြီးသောအချက်အလက်များကိုရေးထားသည့်"အရေးပေါ်ကိုယ်ပိုင်ကတ်ပြား"ကိုပြုလုပ်ထားပြီး၊အမြဲကိုင်ဆောင်ထားပါ။ အရေးကြီးသောအချက်မှာမိမိ၏နာမည်၊လိင်အမျိုးအစား၊မွေးနေ့သက္ကရာဇ်၊ သွေးအမျိုးအစား၊အိမ်လိပ်စာ၊အိမ်ဖုံးနံပါတ်၊လက်ကိုင်ဖုံးနံပါတ်၊နိုင်ငံသား၊ကျန်းမာရေးအာမခံကတ်နံပါတ်၊နေထိုင်ခွင့် ကတ်ပြားနှင့် အထူးရာသက်ပန်နေထိုင်ခွင့် ထောက်ခံစာနံပါတ်၊ နိုင်ငံကူးလက်မှတ်နံပါတ်၊ ပြောတတ်သော ဘာသာစကား၊ အရေးပေါ်ဆက်သွယ်နိုင်သည့်လိပ်စာဖြစ်ပါသည်။

**အရေးပေါ်ကိုယ်ပိုင်ကတ်ပြား**

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| အမည် | လိပ်စာ | | | | | တယ်လီဖုန်း<br>လက်ကိုင်ဖုံး | | |
| နိုင်ငံသား | လိင်အမျိုးအစား | ကျား/ မ | မွေးနေ့သက္ကရာဇ် | နှစ် | လ | ရက် | သွေးအမျိုးအစား | သွေး |
| နေထိုင်ခွင့်ကတ်ပြားနှင့် အထူးအမြဲတမ်းနေထိုင်သူသက်သေခံလက်မှတ်၏နံပါတ် | | | | | | | နိုင်ငံကူးလက်မှတ်နံပါတ် | |
| ကျန်းမာရေးအာမခံလက်မှတ်နံပါတ် | | အရေးပေါ်ဆက်သွယ်နိုင်သည့်လိပ်စာ | | | | | | |
| ပြောတတ်သောဘာသာစကား | | | | | | | | |

#### (2) အရေးပေါ်ဖုန်းသို့ ပြောရမည့်အကြောင်းအရာ

နံပါတ်119၊နံပါတ်110သို့ဆက်ပါက၊ မီးသတ်ကားနှင့်ရဲကားကို စေလွှတ်ရမည့်နေရာနှင့်ပတ်သက်၍မေးမြန်းလေ့ရှိပါသည်။ စိတ်အေးအေးထား၍စကားကိုဖြေးဖြေးနှင့် အသံကျယ်ကျယ်ပြောပါ။ ဂျပန်ဘာဘာစကား မပြောတတ်ပါက ပြောတတ်သည့်အသိမိတ်ဆွေနှင့် အနီးအနားတွင်ရှိသူထံမှ အကူအညီရယူပါ။ မိမိ၏နေရပ်လိပ်စာနှင့်ပတ်သက်ပြီး

# P အရေးပေါ်အခြေအနေ၊ သဘာဝဘေးအန္တရာယ်

P အရေးပေါ်အခြေအနေ၊ သဘာဝဘေးအန္တရာယ်ထိပ်သို့

ဂျပန်ဘာသာဖြင့်ပြောဆိုတတ်အောင်လေ့ကျင့်ထားပါ။
ရဲခန်း၊ မီးသတ်ဌာနသို့ လိပ်စာကိုပြောပြသည့်အခါ အနီးတွင် ထင်ရှားပေါ်လွင်မှုအမှတ်အသားရှိသော အဆောက်အဦအစသဖြင့် ပြောပြနိုင်လျှင်အလျင်မြန်ဆုံးရောက်ရှိနိုင်မှာဖြစ်ပါသည်။

### ●နံပါတ်119 မီးသတ်ဌာနသို့အကြောင်းကြားသည့်အခါ

အောက်ဖော်ပြပါအစီအစဉ်အတိုင်းပြောရပါမည်။

1။ မီးလောင်မှု (သို့) အရေးပေါ်လူနာ။

2။ ဖြစ်ပေါ်သည့်နေရာ။

3။မိမိ၏နာမည်

အရေးပေါ်လူနာတင်ယာဉ်ခေါ်သည့်အခါတွင်တွေ့ကြုံရမည့်အမေးအဖြေနမူနာ

| မီးသတ်ဌာန | သင်(အကြောင်းကြားသူ) |
|---|---|
| | နံပါတ် 119 သို့ဖုန်းဆက်မည်။ |
| 1။ နံပါတ်119 မီးသတ်ဌာနပါ။မီးလောင်မှုလား၊ အရေးပေါ်လူနာလား။ | 1။အရေးပေါ်လူနာဖြစ်ပါတယ်။ |
| 2။ဘယ်လိုဖြစ်တာပါလဲ။ | 2။ဆောက်လုပ်ရေးလုပ်နေစဉ်မတော်တဆဖြစ်ပွားမှုပါ။(ညှပ်မိနေလို့ပါ)စသဖြင့်အခြေအနေကိုပြောပြပါ။ |
| 3။အခင်းဖြစ်ပွားနေသောလိပ်စာကိုအတိအကျပြောပါ။ | 3။...မြို့...ရပ်ကွက်...နံပါတ် ဖြစ်ပါတယ်။ |
| 4။အနီးအနားတွင်ထင်ရှားသော ဘာအမှတ်အသားရှိပါသလဲ။ | 4။အများပိုင်စာကြည့်တိုက်ရဲ့အနားပါ။ |
| 5။ဖုန်းနံပါတ်ပြောပါ။ | 5။ ၁၂၃၄-၅၆၇၈ ဖြစ်ပါတယ်။ |
| 6။ဟုတ်ကဲ့။ကောင်းပါပြီ။ | |

# P အရေးပေါ်အခြေအနေ၊ သဘာဝဘေးအန္တရာယ်

P အရေးပေါ်အခြေအနေ၊ သဘာဝဘေးအန္တရာယ်ထိပ်သို့

မီးသတ်ယာဉ်ခေါ်သည့်အခါတွင်တွေ့ကြုံရမည့်အမေးအဖြေနမူနာ

| မီးသတ်ဌာန | သင်(အကြောင်းကြားသူ) |
|---|---|
| | နံပါတ် 119 သို့ဖုန်းဆက်မည်။ |
| 1။ နံပါတ်119 မီးသတ်ဌာနပါ။မီးလောင်မှုလား၊ အရေးပေါ်လူနာလား။ | 1။ မီးလောင်မှုဖြစ်ပါတယ်။ |
| 2။အခင်းဖြစ်ပွားနေသောလိပ်စာကိုအတိအကျပြောပါ။ | 2။...မြို့...ရပ်ကွက်...နံပါတ် ဖြစ်ပါတယ်။ |
| 3။ဘယ်နားကိုမီးစွဲနေပါသလဲ။ | 3။အဆောက်အဦးရဲ့နှစ်ထပ်မှာမီးစွဲနေပါတယ်။ |
| 4။ကောင်းပါပြီ။အခုချက်ချင်းအဲ့ဒီနေရာကိုလာပါမယ်။ | |

## ・နံပါတ် ၁၁၉ ရဲဌာနသို့အကြောင်းကြားသည့်အခါ

အောက်ဖော်ပြပါအစီအစဉ်အတိုင်းပြောပြရမည်။

1။ဖြစ်ပွါးသည့်အကြောင်းအရာ(မတော်တဆယာဉ်တိုက်မှုလား၊ အမှုအခင်းလား စသည့်အခြေအနေများ)

2။ဖြစ်ပွားနေသည့်နေရာ(သို့)လိပ်စာ

3။မိမိ၏နာမည်

※ဒဏ်ရာရသူရှိခဲ့လျှင်ရဲဌာနသို့အကြောင်းကြားခြင်းဖြင့်အရေးပေါ်လူနာတင်ယာဉ်ကိုစီစဉ်ပေးပါလိမ့်မည်။